ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

https://moe.nugmyanmar.org

ကြေညာချက်အမှတ် (၁၅/၂၀၂၃)

၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်နေ့

(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်)

"ကြားကာလတွင် ကလေးသူငယ်များနှင့် ပညာသင်ယူသူများ စဉ်ဆက်မပြတ် ပညာသင်ယူခွင့်ရရှိရေး ဖေးမကူညီဆောင်ရွက်ပေးကြပါရန် ကျောင်းအဖွဲ့အစည်းများထံသို့ အကြံပြုတိုက်တွန်း ထုတ်ပြန်ကြေညာချက်"

ကြားကာလအတွင်းတွင် အကြမ်းဖက်စစ်ကောင်စီ၏ တရားမဝင်အာဏာသိမ်းမှုနှင့် ရက်စက်ကြမ်းကြုတ်မှုများ၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် ကလေးသူငယ်များနှင့် ပညာသင်ယူသူများသည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ခံစားနေရပြီး စဉ်ဆက်မပြတ် ပညာသင်ယူခွင့်များ ဆုံးရှုံးလျက်ရှိပါသည်။ သင်ယူသူတိုင်းသည် သာတူညီမျှ ပညာသင်ယူခွင့်ရရှိရန်နှင့် ပညာသင်ယူပြီးမြောက်ရန် တန်းတူအခွင့်အရေး ရှိကြပါသည်။ ကြားကာလတွင် ကလေးသူငယ်များနှင့် ပညာသင်ယူသူများ စဉ်ဆက်မပြတ် ပညာသင်ယူခွင့်ရရှိရေးနှင့် ကျောင်းသို့ပြန်လည်ဝင်ရောက်၍ ပညာဆက်လက်သင်ယူနိုင်ရေးအတွက် အကြောင်းအရာကဏ္ဍအလိုက်ဆောင်ရွက်ရာတွင် အောက်ပါအချက်အလက်များကို ထည့်သွင်းစဉ်းစား၍ ဖေးမကူညီဆောင်ရွက်ပေးကြပါရန် အကြံပြုတိုက်တွန်း ထုတ်ပြန်ကြေညာအပ်ပါသည် -

၁။ **စဉ်ဆက်မပြတ်ပညာသင်ယူခွင့်ရရှိရေး ဆောင်ရွက်ရာတွင် ကျောင်းအဖွဲ့အစည်းအနေဖြင့် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ**

(က) သင်ယူသူများ၊ မိဘအုပ်ထိန်းသူများအပေါ် စာနာနားလည်ခြင်း၊ ကလေးများ၏ အခွင့်အရေး ရပိုင်ခွင့်နှင့် အကာအကွယ်ရရှိခွင့်များအပေါ် ကာကွယ်စောင့်ရှောက်ပေးခြင်း၊

(ခ) ပညာဆက်လက်သင်ယူခွင့်ရရှိနိုင်ရန် ကျောင်းတက်ရောက်ခြင်းကို ချွင်းချက်မရှိ ပြန်လည်လက်ခံပေး၍ အသက်အရွယ်နှင့် ကိုက်ညီသောအတန်းတွင် သင်ယူခွင့်ပြုခြင်း၊

(ဂ) သင်ယူသူနှင့် အုပ်ထိန်းသူမိဘတို့ဖြင့် ညှိနှိုင်းဆွေးနွေးကာ သင်ယူသူ၏ ဆန္ဒအလျောက် ကွန်ယက်အတွင်းရှိကျောင်းသို့ တက်ရောက်လိုပါက ကျောင်းပြောင်းစာရွက်စာတမ်းများဖြင့် ဆောင်ရွက်ပေးခြင်း၊

(ဃ) ကဲ့ရဲ့ရှုတ်ချမှုနှင့် ခွဲခြားဆက်ဆံမှုကင်းမဲ့သော၊ ဘေးကင်းလုံခြုံ၍ အားလုံးအကျုံးဝင်သော သင်ယူမှုဝန်းကျင်ကို ဖန်တီးပေးခြင်း၊

(င) သင်ယူသူများအတွက် ကျောင်းတွင်သင်ယူခွင့် ရပ်နားရမည့်ကိစ္စရပ်များ ဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်တားဆီးနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြင်ဆင်ဆောင်ရွက်ခြင်း၊

၂။ **ကလေးသူငယ်များနှင့် သင်ယူသူများ အကြမ်းဖက်မှုတစ်စုံတစ်ရာ တွေ့ကြုံခံစားရပါက ကျောင်းအဖွဲ့အစည်းအနေဖြင့် လုပ်ဆောင်သင့်သည့် အချက်များ**

(က) ကျောင်းတာဝန်ရှိသူများသည် ကလေးသူငယ်များနှင့် သင်ယူသူများ အကြမ်းဖက်ခံရပါက မိဘအုပ်ထိန်းသူများကို ဖြစ်နိုင်သမျှ မြန်မြန်အသိပေးရမည်။

(ခ) ကျား၊ မ အခြေပြု အကြမ်းဖက်မှု/ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု [Gender Based Violence (GBV)] ကျူးလွန်ခံရပါက ကျောင်းအုပ်ချုပ်ရေးအဖွဲ့နှင့် မိဘအုပ်ထိန်းသူများသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့် ပူးပေါင်း၍ အကြမ်းဖက်ခံရသည့် ကလေးသူငယ်များနှင့် သင်ယူသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို အချိန်နှင့်တပြေးညီ ရရှိစေရန် ဆောင်ရွက်ပေးပြီး ကျန်းမာရေးအခြေအနေကောင်းမွန်ပါက ကျောင်းဆက်တက်ခွင့်နှင့် စာမေးပွဲဖြေဆိုခွင့် ပြုရမည်။

(ဂ) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသော သင်ယူသူများနှင့် အရွယ်မတိုင်မီ ကိုယ်ဝန်ဆောင်ရသူများအနေဖြင့် ကျောင်းပြန်တက်ရောက်လိုပါက ချွင်းချက်မရှိ လက်ခံရမည်။ အကြမ်းဖက်ခံရသူသည် ကျောင်းပြောင်းလိုပါက ကျောင်းတာဝန်ခံနှင့် နယ်မြေ/ ဒေသပညာရေးတာဝန်ရှိသူများက အခြားကျောင်းသို့ ပြောင်းရွှေ့သင်ယူနိုင်ရေး ဆောင်ရွက်ပေးရမည်။

(ဃ) အကြမ်းဖက်ခံရသော သင်ယူသူသည် (၁၈) နှစ်ပြည့်ပြီး ဖြစ်ပါက ကျောင်းအဖွဲ့အစည်းသည် သက်ဆိုင်ရာ နယ်မြေ/ ဒေသပညာရေးတာဝန်ရှိသူများနှင့် ပညာရေးဝန်ကြီးဌာနထံ အသိပေးတင်ပြ၍ သင်ယူသူအတွက် ပညာရေးနစ်နာမှု အနည်းဆုံးဖြစ်အောင် ကူညီဖေးမ ဆောင်ရွက်ပေးရမည်။

(င) ကျောင်းအဖွဲ့အစည်းသည် အကြမ်းဖက်ခံရသည့် ကလေးငယ်များ/ သင်ယူသူများ၊ မိဘအုပ်ထိန်းသူများနှင့် ပူးပေါင်းကာ ကျောင်းပြန်လည်တက်ရောက်ခြင်းကို ချွင်းချက်မရှိ လက်ခံပေး၍ အသက်နှင့်ကိုက်ညီသောအတန်းတွင် သင်ယူခွင့်ပြုပြီး ကဲ့ရဲ့ရှုတ်ချမှုနှင့် ခွဲခြားဆက်ဆံမှုကင်းမဲ့သော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီး၍ စောင့်ရှောက်ပေးရမည်။

မြန်မာ့နွေဦးတော်လှန်ရေးသည် စစ်အာဏာရှင်အပါအဝင် အာဏာရှင်မှန်သမျှ အဆုံးသတ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်တည်ဆောက်ရေးကို ဦးတည်ကြိုးပမ်းလျက်ရှိရာ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာရေးသည် လူတိုင်းအကျုံးဝင် (Inclusive) ပညာရေးဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူအားလုံး ပညာရေးအခွင့်အလမ်း သာတူညီမျှ (Equity) ရှိရန်နှင့် အရည်အသွေး (Quality) ရှိသော ပညာရေးကို တန်းတူညီမျှ လူတိုင်းရရှိစေရေးအတွက် ကျောင်းအဖွဲ့အစည်းများအနေဖြင့် ကြားကာလတွင် ကလေးသူငယ်များနှင့် ပညာသင်ယူသူများ စဉ်ဆက်မပြတ် ပညာသင်ယူခွင့်ရရှိရေး ဖေးမကူညီဆောင်ရွက်ပေးကြပါရန် အကြံပြုတိုက်တွန်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ပညာရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ